စာမျက်နှာ


**ပုံဆွဲခြင်းနှင့် လက်မှုပညာ** ၇
ပုံဆွဲခြင်း ၈
ပုံကြမ်းဆွဲခြင်း ၉
စိတ်ကူးကို ပုံဆွဲခြင်း ၁၀
နေ့စဉ်မြင်တွေ့နေရသည့် ရှုခင်းတို့ကို ရေးဆွဲခြင်း ၁၁
ရှုမျှော်ခင်းပုံ ပန်းချီဆွဲခြင်း ၁၂
ဆောင်းဦးရှုမျှော်ခင်းများ ၁၃
လူပုံဆွဲခြင်း ၁၄
သက်မဲ့ဝတ္ထုပုံ ပန်းချီဆွဲခြင်း ၁၅
ပုံနှိပ်ခြင်း ၁၆
သစ်ထွင်းပန်းချီ ၁၈
ရွှံ့ရုပ်ပြုလုပ်ခြင်း ၂၀
ပဲရစ်ပလတ်စတာရုပ်တု ၂၂
စိတ်ကူးရုပ်ပုံများ ၂၄
အဆင်ပုံစံ ၂၆
ပုံစံထပ် အဆင်ထပ် ၂၈
ပိုစတာနှင့် အညွှန်းဆိုင်းဘုတ် ၃၀
ဂျိုညြမေတြိပုံများ ၃၁
ပုလင်းပိုးအိမ်ပြုလုပ်ခြင်း ၃၂
သက္ကလတ်ကားလိပ်နှင့် ဥဒကာစမ်းရုပ်ဆက် ၃၃
စက္ကူလက်မှုပညာ ၃၄
သစ်သားထည်လုပ်ငန်း ၃၈
သတ္တုထည်လုပ်ငန်း ၄၀
တန်ဆာပလာများ ၄၁
ပန်းချီနှင့် ပန်းပု ၄၂
**ဂီတ** ၄၉
ဂီတအခြေခံ ၅၀
ကော့နှင့် မိတ်ဖက်သံ ၅၂
ဂီတလက္ခဏာများ ၅၃
တီထွင်ခြင်း ၅၄
သီချင်းဆိုနည်း ၅၅
ဂီတကိုဝေဖန်အကဲဖြတ်ခြင်း ၅၆
ဂန္တဝင်ဂီတ၊ဂီတဖွဲ့သူ အကျော်အမော်များ ၅၇
အော်ပရာဂီတဖွဲ့သူများ ၅၈
စိတ်ကူးယဉ်ဂီတ၊နှင့် အမျိုးသားဂီတ၊ ၅၉
ခေတ်သစ်ဂီတ ၆၀
ဂီတပုံသဏ္ဍာန်များ ၆၁
တူရိယာများ ၆၂
ဂီတအရသာခံစားခြင်း ၇၀
ဇာတ်နှင့် ဂီတ ၇၂
ကမ္ဘာပေါ်ရှိ ရိုးရာဂီတ ၇၄
ခရစ္စမတ်ဂီတ ၇၆
အက ၇၇
**အားကစား** ၇၉
အပြေး ၈၀
အခုန် ၈၁
ဘောလုံးနှင့်ကစားနည်း အမျိုးမျိုး ၈၂
လက်ထောက်ခုန်ခြင်း ၈၅
ကျွမ်းထိုးကစားခြင်း ၈၆
အားကျွမ်း ၈၇
ရေကူး ၈၈
ကိုယ်လက်လှုပ်ရှားခြင်း ၉၀
ကျန်းမာရေး ၉၁
ကြီးထွားဖွံ့ဖြိုးခြင်း ၉၂
**သိရိဂေဟာ** ၉၅
မိသားစုဘဝ ၉၆
ပိတ်ထွေကပေါင်းအသင်း ၉၇
ကျန်းမာသန့်စွမ်းခြင်းနှင့် အားအင်ပြည့်ဖြိုးခြင်း ၉၈
အစားအစာ ပြင်ဆင်ချက်ပြုတ်ခြင်း ၁၀၀
လွယ်ကူသောချက်ပြုတ်နည်းအချို့ ၁၀၂
အဝတ်အထည် ရွေးခြင်း ၁၀၄
အပ်ချုပ်ခြင်း ၁၀၆
အခန်းပြင်ဆင်ပုံ ၁၀၈
နေချင့်စဖွယ်သပ်ရပ်သောအခန်း ၁၁၀
**ဝေါဟာရစာရင်း** ၁၁၁


# အမှာစာ

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ရှိ ကလေးသူငယ်များ ဗဟုသုတ တိုးတက်ပွားများစေရန် ရည်ရွယ်၍ **ကလေးသူငယ်များအတွက် သုတရတနာသိုက်** ဟူသောအမည်ဖြင့် ဤကျမ်းကို ပညာရေးဝန်ကြီးဌာနက စီစဉ်ထုတ်ဝေလိုက်ပါသည်။

အဆိုပါကျမ်း၏မူရင်းမှာ Kodansha ကုမ္ပဏီမှ ဂျပန်ဘာသာဖြင့် ထုတ်ဝေသော ရောင်စုံရုပ်စုံကျမ်းဖြစ်ပါသည်။ ထိုရုပ်စုံကျမ်းကိုမှီး၍ Far East Publication International Pte Limited မှ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော The Children's Treasury of Knowledge ကျမ်းကို အဆင့်မြင့်ပညာဦးစီးဌာနနှင့် Time-Life စာအုပ်ကုမ္ပဏီတို့ပူးတွဲ၍ မြန်မာပြန် ကျမ်း တစ်စောင်အဖြစ် ရောက်အောင် ကြိုးပမ်းကြခြင်းဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာနက ဤသို့စီစဉ်ထုတ်ဝေရာ၌ နိုင်ငံတော်၏ပညာရေးကို ကမ္ဘာ့ပညာရေးအဆင့်မီစေရန် ကြိုးပမ်းနေသည့်အားလျော်စွာ မြန်မာကလေးသူငယ်များသည် ကျောင်းပြဋ္ဌာန်းစာများအပြင် ပညာရပ်ဆိုင်ရာ အထွေထွေဗဟုသုတများကိုလည်း အလွယ်တကူ ရယူဆည်းပူးနိုင်ကြပါစေဟူသော အာသီသထားရှိပါသည်။

ဤ **သုတရတနာသိုက်** တွင်-

၁။ ယူနီဗာ့စ်နှင့် ရာသီဥတု
၂။ အပင်များ
၃။ ကမ္ဘာဦးသက်ရှိများ
၄။ ရေအောက်သက်ရှိများ
၅။ အင်းဆက်ပိုးများ
၆။ တိရစ္ဆာန်များ
၇။ သချင်္ချာ
၈။ အီလက်ထရွန်နစ်နှင့် စွမ်းအင်
၉။ ပို့ဆောင်ရေးယာဉ်များ
၁၀။ ဝါသနာပါရာ အပန်းဖြေစရာ

ဟူ၍ ဝိဇ္ဇာသိပ္ပံအသိပညာ အတတ်ပညာ စသည့် သုတရတနာများ ပါဝင်ကြပါသည်။ ထိုသုတရတနာများ သိုမှီးရာဖြစ်သောကြောင့် ကျမ်း၏အမည်ကို **သုတရတနာသိုက်** ဟူ၍ မှည့်ခေါ်ခြင်း ဖြစ်ပါသည်။

ဤကျမ်းကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ မှန်မြတ်သောစေတနာဖြင့် ပြန်ဆိုကြသော ဆိုင်ရာဆိုင်ရာ ပညာရှင်ပုဂ္ဂိုလ်ကြီးများသည် စေ့စပ်သေချာစွာ ပြန်ဆို စိစစ်ကြပါသည်။ သို့သော် ဘာသာတစ်ခုမှ အခြားဘာသာတစ်ခုသို့ တိတိကျကျ ပြန်ဆိုရန်မှာ မလွယ်ကူလှသော ကိစ္စတစ်ရပ်ဖြစ်ပါသည်။ တစ်ဘာသာနှင့် တစ်ဘာသာမှာ အနက်အဓိပ္ပာယ် အကျယ်အကျဉ်း အနက်အတိမ် စသည့် ခြားနားမှုများရှိမြဲဖြစ်ရာ မူရင်းအဓိပ္ပာယ် တိကျစေရန် အချို့အချို့သော မူရင်းဘာသာစကားလုံးများကို မြန်မာဘာသာသို့ မပြန်ဆိုပဲ အသံများသာ ဖလှယ်ထားပါသည်။ ဤသို့ အသံဖလှယ်ထားခြင်းကြောင့် မူရင်းဘာသာစကားနှင့် ရင်းနှီးမှုအကျိုးကိုလည်း ကလေးသူငယ်များ ရရှိနိုင်ပါသည်။

ပညာရှင်များ ယခုသုံးထားသော စကားလုံးများနှင့် အဓိပ္ပာယ်များထက် ပိုမိုကောင်းမွန်သင့်မြတ်သည့် စကားလုံးများ အဓိပ္ပာယ်များကို ဤကျမ်းကို လေ့လာဖတ်ရှုသူများက အကြံပေးစေလိုပါသည်။ ထိုသို့ အကြံပေးချက်များကို လေးလေးစားစား လေ့လာပြီး ဆီလျော်သည့်အချက်အလက်နှင့် စကားလုံးများကို အစားထိုးပြောင်းလဲရန် အသင့်ဖြစ်ပါသည်။

ဤကျမ်းတွင် ပါဝင်သည့် ပညာရပ်ဆိုင်ရာ အထွေထွေဗဟုသုတများကို လိုသလိုရွေးနုတ်၍ ဆည်းပူးနိုင်ကြပါသည်။ ကလေးသူငယ်များအတွက်ဟု ဆိုသော်လည်း ဤကျမ်းကို ဖတ်ရှုလေ့လာခြင်းဖြင့် ကလေးလူကြီးမရွေး ဗဟုသုတပွားများ၍ အသိဉာဏ်များ ပိုမိုအားကောင်းလာကြမည်။ ထို့ထက် တစ်ဆင့်တက်၍ သိလိုစိတ် စူးစမ်းရှာဖွေလိုစိတ်နှင့် သုတပွားလိုစိတ်များ ဆက်ကာဆက်ကာ ဖြစ်ပေါ်လာကြပါက ဤကျမ်းထုတ်ဝေရခြင်း၏ရည်ရွယ်ချက်အောင်မြင်သည်ဟု မှတ်ယူရပေမည်။

ပညာရေးဝန်ကြီးဌာန